ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန

**ဗဟိုစက်ပစ္စည်းစာရင်းအင်းနှင့်စစ်ဆေးရေးဦးစီးဌာန**

နေပြည်တော်

**အလုပ်လျှောက်လွှာခေါ်ယူခြင်း**

၁။ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊ ဗဟိုစက်ပစ္စည်းစာရင်းအင်းနှင့် စစ်ဆေးရေးဦးစီးဌာန တွင် လစ်လပ်လျက်ရှိသော အောက်ဖော်ပြပါ အမှုထမ်းရာထူးများအတွက် သတ်မှတ်ထားသော အရည်အချင်းပြည့်မီသူများလျှောက်ထားနိုင်ပါသည်-

| စဉ် | ခန့်ထားမည့်ရာထူး/ လစာနှုန်း (ကျပ်) | ခန့်ထားမည့် ဦးရေ | ပညာအရည်အချင်း |
|---|---|---|---|
| က | ပစ္စည်းထိန်း(၂)<br>၂၁၆၀၀၀-၂၀၀၀-၂၂၆၀၀၀ | (၁) နေရာ<br>(ကျား) | တက္ကသိုလ်တစ်ခုခုမှ ဘွဲ့ရရှိသူ |
| ခ | သိုလှောင်ရုံမှူး(၂)<br>၂၁၆၀၀၀-၂၀၀၀-၂၂၆၀၀၀ | (၃) နေရာ<br>(ကျား) | တက္ကသိုလ်တစ်ခုခုမှ ဘွဲ့ရရှိသူ |
| ဂ | ကွန်ပျူတာလုပ်ဆောင်ရေးမှူး<br>၂၁၆၀၀၀-၂၀၀၀-၂၂၆၀၀၀ | (၃) နေရာ<br>(ကျား/မ) | ကွန်ပျူတာတက္ကသိုလ်တစ်ခုခုမှ ဘွဲ့ရရှိသူ |
| ဃ | စစ်ဆေးရေးမှူး(၂)<br>၂၁၆၀၀၀-၂၀၀၀-၂၂၆၀၀၀ | (၃) နေရာ<br>(ကျား/ မ) | အင်ဂျင်နီယာဘွဲ့ရရှိသူ<br>B.E (Mechanical, Electrical, Electronics, Mechatronic, IT) |
| င | အငယ်တန်းစာရေး<br>၁၈၀၀၀၀-၂၀၀၀-၁၉၀၀၀၀ | (၂) နေရာ<br>(ကျား/ မ) | တက္ကသိုလ်တစ်ခုခုမှ ဘွဲ့ရရှိသူ |
| စ | စီစစ်ရေးမှူး(၅)<br>၁၆၂၀၀၀-၂၀၀၀-၁၇၂၀၀၀ | (၂) နေရာ<br>(ကျား/ မ) | တက္ကသိုလ်ဝင်တန်းအောင်မြင်ပြီးသူ |
| ဆ | ယာဉ်မောင်း(၅)<br>၁၆၂၀၀၀-၂၀၀၀-၁၇၂၀၀၀ | (၆) နေရာ<br>(ကျား) | အခြေခံပညာအလယ်တန်းအဆင့် ဖြစ်ပြီး အနိမ့်ဆုံးယာဉ်မောင်း (ခ) လိုင်စင်ရှိရမည်။ |
| ဇ | ရုံးအကူ<br>၁၄၄၀၀၀-၂၀၀၀-၁၅၄၀၀၀ | (၁) နေရာ<br>(ကျား/မ) | အခြေခံပညာအလယ်တန်းအဆင့် ရှိသူ |

၂။ လျှောက်ထားသူသည်-

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား ဖြစ်ရမည်၊

( ခ ) ၁-၉-၂၀၂၂ ရက်နေ့တွင် ပြင်ပပုဂ္ဂိုလ်ဖြစ်ပါကအသက် (၃၀) နှစ်၊ ဝန်ထမ်းဖြစ်ပါက အသက် (၃၅) နှစ် ထက် မကျော်လွန်သူ ဖြစ်ရမည်၊

( ဂ ) ရွေးချယ်ရာတွင်ကွန်ပျူတာကျွမ်းကျင်စွာအသုံးပြုနိုင်သူဦးစားပေးမည်၊ (ယာဉ်မောင်း-၅ ရာထူး လျှောက်ထားသူများမပါ)

(ဃ) ကျန်းမာရေးကောင်းမွန်သူဖြစ်ရမည်၊

( င ) ရွေးချယ်ခြင်းခံရပါကဗဟိုစက်ပစ္စည်းစာရင်းအင်းနှင့်စစ်ဆေးရေးဦးစီးဌာန တွင် အနည်းဆုံး (၃) နှစ် တာဝန်ထမ်းဆောင်နိုင်ရမည်။

၃။ သတ်မှတ်ထားသော လျှောက်လွှာပုံစံဖြင့်သာ လျှောက်ထားရမည်။ သတ်မှတ်လျှောက်လွှာ ပုံစံကို ဤဝန်ကြီးဌာန၏ Website ဖြစ်သည့် www.mopf.gov.mm တွင် Download ရယူ၍ လည်းကောင်း၊ ဗဟိုစက်ပစ္စည်းစာရင်းအင်းနှင့် စစ်ဆေးရေးဦးစီးဌာန၊ ရုံးအမှတ် (၃၂-D)၊ နေပြည်တော်နှင့် သဇင်ရုံလမ်း၊ (၅) ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်ရှိ ပစ္စည်းထိန်းဌာနခွဲ (ရန်ကုန်) ရုံးတို့တွင် ရုံးချိန်အတွင်း အခမဲ့လာရောက်ထုတ်ယူ၍လည်းကောင်း လျှောက်ထားနိုင်ပါသည်။

၄။ လျှောက်ထားသူသည် လျှောက်လွှာနှင့်အတူ အောက်ပါအထောက်အထားများ ပူးတွဲလျက် ဗဟိုစက်ပစ္စည်းစာရင်းအင်းနှင့်စစ်ဆေးရေးဦးစီးဌာန၊ရုံးအမှတ်(၃၂-D)၊နေပြည်တော်သို့ ပေးပို့ရမည်-

(က) ငွေသွင်းချလန်(မူရင်း)၊

( ခ ) ဘွဲ့လက်မှတ်မိတ္တူ (မိတ္တူမှန်ဖြစ်ကြောင်းလက်မှတ်ရေးထိုးရန်၊ စာမေးပွဲဖြေဆိုသည့် အခါ ဘွဲ့လက်မှတ်မူရင်း တင်ပြရန်)၊

( ဂ ) အသက်အထောက်အထားအတွက် တက္ကသိုလ်ဝင်တန်း အောင်လက်မှတ်မိတ္တူ (သို့မဟုတ်) နောက်ဆုံးပညာသင်ကြားခဲ့သည့် ကျောင်းထောက်ခံချက်၊

(ဃ) နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ၊

( င ) သက်ဆိုင်ရာရပ်ကွက်နှင့် ရဲစခန်းတို့မှ လျှောက်လွှာပိတ်ရက် မတိုင်မီ (၁) လအတွင်း အကျင့်စာရိတ္တကောင်းမွန်ကြောင်းနှင့်ပြစ်မှုကင်းရှင်းကြောင်းထောက်ခံချက်(မူရင်း)၊

( စ ) လျှောက်လွှာပိတ်ရက်မတိုင်မီ (၁) လအတွင်း ရိုက်ကူးထားသော ရောင်စုံလိုင်စင် ဓါတ်ပုံ(၃)ပုံ(နောက်ကျောတွင်အမည်၊နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်ဖော်ပြရန်)၊

(ဆ) ဝန်ထမ်းမဟုတ်သူများအတွက် သက်တမ်းရှိသော အလုပ်သမားမှတ်ပုံတင်ကတ်ပြား မိတ္တူ (ဖြေဆိုခွင့်ကတ်ပြား ထုတ်ယူချိန်တွင် မူရင်းတင်ပြရန်)၊

( ဇ ) ကျန်းမာရေးကောင်းမွန်ကြောင်း သက်ဆိုင်ရာမြို့နယ် ဆရာဝန်၏ (၁) လအတွင်း ဆေးစစ်ထောက်ခံချက်မူရင်း။

၅။ စာမေးပွဲဝင်ကြေး ကျပ် (၁၀၀၀/-) (ကျပ်တစ်ထောင်တိတိ) ကို နီးစပ်ရာ မြန်မာ့စီးပွားရေးဘဏ်မှတစ်ဆင့် နေပြည်တော်၊ မြန်မာ့စီးပွားရေးဘဏ်ရှိ ဗဟိုစက်ပစ္စည်းစာရင်းအင်းနှင့် စစ်ဆေးရေးဦးစီးဌာန၊ ငွေစာရင်းအမှတ်၊ MD–010970 သို့ ပေးသွင်းရပါမည်။

၆။ ဝန်ထမ်းမဟုတ်သူများသည် လျှောက်လွှာများကို ညွှန်ကြားရေးမှူးချုပ်၊ ဗဟိုစက်ပစ္စည်းစာရင်းအင်းနှင့် စစ်ဆေးရေးဦးစီးဌာန၊ ရုံးအမှတ်(၃၂ – D)၊ နေပြည်တော်သို့ လိပ်မူပြီး လူကိုယ်တိုင်သော်လည်းကောင်း၊စာတိုက်မှမှတ်ပုံတင်၍သော်လည်းကောင်း ၉-၉-၂၀၂၂ ရက် (သောကြာနေ့) အရောက် နောက်ဆုံးထား၍ လျှောက်ထားရမည်။ လျှောက်လွှာပိတ်ရက်ထက် ကျော်လွန်ပေးပို့လာသော လျှောက်လွှာများ၊ အချက်အလက် မပြည့်စုံသော လျှောက်လွှာများ၊ သတ်မှတ် အရည်အချင်းနှင့် မကိုက်ညီသူများကို လက်ခံထည့်သွင်း စဉ်းစားမည် မဟုတ်ပါ။

၇။ ဝန်ထမ်းဖြစ်ပါက အပိုဒ် (၄) ပါ အထောက်အထားများပါရှိသော လျှောက်လွှာတစ်စောင်ကို မိမိတာဝန် ထမ်းဆောင်နေသည့် ဌာနအကြီးအကဲထောက်ခံချက်ဖြင့် သက်ဆိုင်ရာဝန်ကြီးဌာနမှတစ်ဆင့် ဤဦးစီးဌာနသို့ ၉-၉-၂၀၂၂ ရက် (သောကြာနေ့) နောက်ဆုံးထား ပေးပို့ရန်ဖြစ်ပြီး၊ ကြိုတင်လျှောက်လွှာ မိတ္တူ (၁) စောင်ကို ဤဦးစီးဌာနသို့ တိုက်ရိုက်ပေးပို့ရန်ဖြစ်ပါသည်။

၈။ ဖြေဆိုခွင့်ကတ်ပြားကို ၁၅-၉-၂၀၂၂ ရက် (ကြာသပတေးနေ့) မှ ၁၆-၉-၂၀၂၂ ရက် (သောကြာနေ့) အထိ ဗဟိုစက်ပစ္စည်းစာရင်းအင်းနှင့် စစ်ဆေးရေးဦးစီးဌာန၊ ရုံးအမှတ် (၃၂- D)၊ နေပြည်တော်တွင် လာရောက် ထုတ်ယူရမည်ဖြစ်ပြီး ရေးဖြေစာမေးပွဲကို ၁၇-၉-၂၀၂၂ ရက် (စနေနေ့) တွင် နေပြည်တော်၌ ကျင်းပပြုလုပ်မည် ဖြစ်ပါသည်။ ဖြေဆိုရမည့် ရေးဖြေစာမေးပွဲဘာသာရပ်များမှာ **မြန်မာစာ၊ အင်္ဂလိပ်စာ၊ အထွေထွေဗဟုသုတ** တို့ဖြစ်ပြီး ယာဉ်မောင်း-၅ ရာထူးနှင့် ရုံးအကူရာထူးနေရာများအတွက် လူတွေ့အရည်အချင်း စစ်ဆေးခြင်းသာ ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၉။ ရေးဖြေစာမေးပွဲ အောင်မြင်သူများ၏ အမည်စာရင်းနှင့် လူတွေ့စစ်ဆေးခြင်း၊ ကွန်ပျူတာစစ်ဆေးခြင်း ပြုလုပ်မည့်ရက်ကို www.mopf.gov.mm Website တွင် ထုတ်ပြန်ကြေညာသွားမည်ဖြစ်ပါသည်။

၁၀။ အသေးစိတ်သိရှိလိုပါက ဗဟိုစက်ပစ္စည်းစာရင်းအင်းနှင့် စစ်ဆေးရေးဦးစီးဌာန၊ ရုံးအမှတ် (၃၂- D)၊ နေပြည်တော်၊ တယ်လီဖုန်းအမှတ်၊ ၀၆၇–၃၄၀၆၃၂၂၊ ၀၆၇–၃၄၀၆၁၁၆၊ ၀၆၇–၃၄၀၆၀၈၈ သို့ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။